ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၉/၂၀၂၂)

အမှတ်စဉ် ၉/၂၀၂၂ https://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ ဇွန်လ (၂၇) ရက်။

စစ်ကောင်စီအား လက်နက်ရောင်းချနေသည့် ကုမ္ပဏီများကို ပိတ်ဆို့အရေးယူရန် ဗြိတိန်ဆုံးဖြတ်ချက်ချ၊ NUG ကြိုဆို

(၁) အကြမ်းဖက်စစ်အုပ်စုကို ရာဇဝတ်မှုများကျူးလွန်ခွင့်ရအောင် လက်နက်များ ဖြန့်ဖြူးရောင်းချပေးနေသည့် ကုမ္ပဏီများကို ပိတ်ဆို့ အရေးယူရန် ဗြိတိန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ ဆုံးဖြတ်ချက်ကို အမျိုးသားညီညွတ်ရေးအစိုးရက ကြိုဆိုပြီး အဆိုပါ ပိတ်ဆို့အရေးယူမှုများသည် အကြမ်းဖက်စစ်အုပ်စုထံ ဒရုန်းများနှင့် ရဟတ်ယာဉ်အစိတ်အပိုင်းများကို ရောင်းချနေသည့် ရုရှားလက်နက်ရောင်းဝယ်သူအများအပြားနှင့် ရုရှားလက်နက်တင်သွင်းသူများနှင့် အကြမ်းဖက်စစ် အုပ်စုအကြားကြားခံများအဖြစ် ဆောင်ရွက်သည့် မြန်မာကုမ္ပဏီအမည်များကိုလည်း ဖော်ထုတ်ထားသည်။ ယင်းဆုံးဖြတ်ချက်ကို အမျိုးသားညီညွတ်ရေးအစိုးရမှ ကြိုဆိုကြောင်း ဇွန် ၂၀ ရက်က ကြေညာချက်ထုတ် ပြန်ခဲ့သည်။

အရေးယူပိတ်ဆို့ခံရသည့် စာရင်းတွင် အောက်ဖော်ပြပါ မြန်မာကုမ္ပဏီများအား ပါဝင်သည်။ Myanmar New Era Trading Company Limited, Sky Aviator Company Limited, Synpex Shwe Company Limited

https://bit.ly/3A1ERy8

ပျောက်ကျားစစ်သာမက တပ်ရင်းလိုက် ရင်ဆိုင်တိုက်ပွဲများ ဆင်နွှဲနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဟု NUG ထုတ်ပြန်

(၂) စစ်လက်နက်ပစ္စည်းတပ်ဆင်မှုတွင် ဝယ်ယူတပ်ဆင်ခြင်း၊ ထုတ်လုပ်တပ်ဆင်ခြင်း နည်းလမ်း (၂) ခုဖြင့် အနိမ့်ဆုံးလိုအပ်ချက် ပြည့်မီရေးဆောင်ရွက်နေပြီး ယခုအခါ ပျောက်ကျားစစ်သာမက လိုအပ်ပါက တပ်ရင်းလိုက် ရင်ဆိုင်တိုက်ပွဲများ ဆင်နွှဲနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နယ်မြေစိုးမိုးမှုတွင် တိုင်းဒေသကြီးများဖြစ်သည့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း(မြောက်ပိုင်း)တို့ရှိ အဓိကလမ်းမကြီးများ၏ ၉၀ ရာခိုင်နှုန်းခန့်နှင့် ကျေးရွာအများစု၏ ၈၀ ရာခိုင်နှုန်းကို PDF များက စိုးမိုးထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။

ငွေတိုက်စာချုပ်ရောင်းချရမှုမှ အမေရိကန်ဒေါ်လာ ၃၈ သန်း၊ အကြမ်းဖက်စစ်ခေါင်းဆောင်မင်းအောင်လှိုင် မတရား

စာမျက်နှာ (၂) သို့

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်းအား NUG ထုတ်ပြန်ကြေညာ

(၃) ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်းအား အများပြည်သူသိရှိနိုင်ရန်အမျိုးသားညီညွတ်ရေးအစိုးရက ဇွန် ၂၃ ရက်တွင်ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာစာတမ်းအား ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ်ပြည်သူ့ညီလာခံတွင် ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

https://bit.ly/3yjYEr7

ပျောက်ကျားစစ်သာမက တပ်ရင်းလိုက် ရင်ဆိုင်တိုက်ပွဲများ ဆင်နွှဲနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဟု NUG ထုတ်ပြန်

သိမ်းပိုက်ထားသည့် ပိုင်ဆိုင်မှုကိုရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၇ သန်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၅ သန်းရ ရှိပြီး ဖြစ်ကာ အဆိုပါ ငွေကြေး၏ ၉၅ ရာခိုင်နှုန်းကို ကာကွယ်ရေး အသုံးစရိတ်အဖြစ်အသုံးပြုထားကြောင်း ဖော်ပြထားသည်။

အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဇော်ဝေစိုး ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင် နှင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဦးအောင်မျိုးမင်းတို့သည် ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ နော်ဝေနှင့် UK နိုင်ငံတို့များသွားရောက်ခဲ့ပြီး မြန်မာ့နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး၊ အကြမ်းဖက်စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ တော်လှန်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက် ထားရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များနှင့် ငြိမ်းချမ်းမှုနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိရေး ကိစ္စများကို ဇွန် ၂၀ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဆွေးနွေးခဲ့သည်။

https://bit.ly/3OnjXOp

စစ်ကောင်စီပြုလုပ်မည့် သစ်လေလံပွဲအား ဝင်ရောက်ပူးပေါင်းဆောင်ရွက်ခြင်း မပြုလုပ်ရန်သတိပေးထုတ်ပြန်

(၄) အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး (အနောက်) မှ ဇွန် ၂၃ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် လေလံပွဲကို ဝင်ရောက်ပူးပေါင်းဆောင်ရွက်ခြင်း မပြုလုပ်ကြရန် ကုမ္ပဏီ/ လုပ်ငန်း ရှင်အား တိုက်တွန်းလိုက်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရက ဇွန် ၂၂ ရက်က သတိပေးကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါသစ်များကို စစ်ကောင်စီ၏ အကြမ်းဖက်မီးရှို့ဖျက်ဆီးခံခဲ့ရသည့် အိုးအိမ်များနှင့် အခြေခံအဆောက်အဦများ ပြန်လည် တည်ဆောက်ရေးနှင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးချသွားမည်ဖြစ်သည်။

https://bit.ly/3OBWuZe

စစ်ကောင်စီက အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေသည့် ရုပ်သံမှတ်တမ်းများထွက်ပေါ်

(၅) အကြမ်းဖက်စစ်တပ်က လူများစွာကို လည်လှီး၊ ခေါင်းဖြတ်၊ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း အချင်းချင်းပြောနေသည့် ရုပ်သံဖိုင်များ အပါအဝင်၊ အရပ်သား ၃၀ ခန့်ကို လက်ပြန်ကြိုးတုပ်ကာ ဘုန်းကြီးကျောင်းအောက်၌ ဖမ်းဆီးထားသည့်ပုံများ ၊ မျက်လုံးများကို ပုဆိုးစဖြင့်စည်း လက်ပြန်ကြိုးတုတ်ပြီး နောက်စေ့မှသေနတ်ဖြင့် ပစ်သတ်ခံထားရကာ သွေးအိုင်ထဲလဲနေသည့်အပေါ် အကြမ်းစစ်သားနှစ်ယောက်က ရပ်ကြည့်နေသည့်ပုံများနှင့် လူငယ်တစ်ယောက်အား ရင်ဘတ်ကိုဓားနှင့်စိုက်ထားပြီး နှိပ်စက်နေသည့် ပုံများကို RFA သတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီတပ်သားများက ပြည်သူများကို သတ်ဖြတ်ပြီး ဂုဏ်ယူစရာအဖြစ် ခံစားပြောဆိုနေခြင်းမှာ ပြည်သူလူထုအတွက် ကြီးမားသည့် အန္တရာယ်တစ်ရပ်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

https://bit.ly/3NuVk12

လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကို အမျိုးသားညီညွတ်ရေးအစိုးရက အတည်ပြုလက်မှတ်ရေး ထိုးမည်

(၆) မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး နောက်ဆုံး အခြေအနေ များအား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး ၏ နှုတ်ဖြင့်တင်ပြချက်ကို ကြိုဆိုခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကို အမျိုးသားညီညွတ်ရေးအစိုးရက အတည်ပြု လက်မှတ်ရေးထိုးမည်ဟု ဇွန် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တရားမျှတမှုနှင့် တာဝန်ခံမှုရရှိလာရေး ကြိုးပမ်းရာတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး International Criminal Court (ICC))၊ အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice (ICJ))၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (the Independent Investigative Mechanism for Myanmar)၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေအောက်ရှိ တာဝန်ဝတ္တရားများကို လက်ခံပြီး နိုင်ငံသားနှင့်ပြည်သူ့ရေးရာ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Civil and Political Rights (CCPR)) နှင့်နှိပ်စက်ညှဉ်းပန်းမှု ဆန့်ကျင်ရေးသဘောစာချုပ် (The United Nations Convention against Torture (CAT)) အပါအဝင် နောက်ထပ် စာချုပ်စာတမ်းများကိုလည်း အတည်ပြု လက်မှတ် ရေးထိုးသွားမည်ဖြစ်သည်။

https://bit.ly/3bwEmSg

အကြမ်းဖက်စစ်အာဏာရှင် ခေါင်းဆောင်များက လိင်အကြမ်းဖက်ခြင်းကို နိုင်ငံရေးနှင့် စစ်ရေးလက်နက်သဖွယ် ကျင့်သုံးနေကြောင်း NUG ထုတ်ပြန်

(၇) အကြမ်းဖက်စစ်အာဏာရှင် ခေါင်းဆောင်များက လိင်အကြမ်းဖက်ခြင်းကို နိုင်ငံရေးနှင့် စစ်ရေးလက်နက် သဖွယ် ကျင့်သုံးနေကြောင်း၊ စစ်ကောင်စီ၏ တပ်သားများက အပြစ်မဲ့ပြည်သူ (၅၀) ကျော်ကို စစ်ကြောရေးများ၊ ထောင်တွင်းနှင့် အရပ်ဖက်နေရာများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများကို တဦးချင်း သို့မဟုတ် အဖွဲ့လိုက် အကြိမ်ကြိမ်ကျူးလွန်နေကြောင်း၊ လူမမယ်ကလေးများ၊ သက်ကြီး ရွယ်အိုများ အမျိုး သမီးများနှင့် လိင်ခံယူမှုကွဲပြားသူများသာမက အမျိုးသားများကိုပါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုများ ကျူးလွန်နေကြောင်းကို ဇွန်လ ၁၉ ရက်တွင် ကျရောက်သည့် ၈ ကြိမ်မြောက် "အပြည်ပြည်ဆိုင်ရာပဋိပက္ခအခြေအနေများတွင် လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုပပျောက်ရေးနေ့"၌ ထုတ်ပြန်ကြေညာခဲ့သည်။

https://bit.ly/3yfmtiX

NUG က လိင်အကြမ်းဖက်မှု ပပျောက်စေရေးရည်ရွယ်၍ အသိပညာပေး အနုပညာ လက်ရာ ဖိတ်ခေါ်ပြပွဲပြုလုပ်မည်

(၈) ပဋိပက္ခကာလအတွင်း လိင်အကြမ်းဖက်မှု ပပျောက်စေရေး ရည်ရွယ်၍ အသိပညာပေး အနုပညာ လက်ရာဖိတ် ခေါ်ပြပွဲပြုလုပ်မည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ် ရေးရာဝန်ကြီးဌာန နက ဇွန် ၂၀ ရက် တွင် ထုတ်ပြန်ကြေညာသည်

https://www.facebook.com/ESVinConflict/

https://bit.ly/3OlUowR

NUG Pay ကို အမျိုးသား ညီညွတ်ရေးအစိုးရက စတင် မိတ်ဆက်

(၉) အကြမ်းဖက်စစ်ကောင်စီ၏ ဘဏ္ဍာရေးယန္တရားအောက်မှ လုံးဝကင်းလွတ်သည့် NUG Pay အဖြစ် ဒစ်ဂျစ်တယ် မြန်မာကျပ် (DMMK)ကို အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဇွန် ၂၀ ရက်တွင် စတင် မိတ်ဆက်ခဲ့သည်။ NUG Pay မှာ ခိုင်မာသည့် ငွေကြေးတစ်ခုဖြင့် ကျောထောက်နောက်ခံပြုထားပြီး DMMK ၏ ယူနစ်မှာ 'ကျပ်' ဖြစ်ပြီး DMMK ၁ ကျပ်မှာ မြန်မာငွေ ၁ ကျပ်နှင့်တန်ဖိုးတူညီမည် ဖြစ်ကြောင်း DMMK ငွေကြေးက ဈေးကွက်ထဲရှိ Cryptocurrency များကဲ့ သို့ ဈေးနှုန်းအတက်အကျ (Volatile) ဖြစ်မည် မဟုတ်ကြောင်းထုတ်ပြန်ထားသည်။

https://bit.ly/3ylfMwJ

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ(KSCC) အစည်းအဝေး ကျင်းပပြုလုပ်

(၁၀) တော်လှန်ရေးတွင် မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားလူမျိုးစုံ၊ ဘာသာစုံ၊ နယ်ပယ်စုံမှ တက်ကြွစွာ ပါဝင်နေသည့် အတွက် ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်နိုင်ငံတော်သို့ ရောက်ရှိမည်ဖြစ်ကြောင်းအမျိုးသား ညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇွန် ၂၀ တွင်ပြုလုပ်သည့် ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC) အစည်းအဝေးတွင်ပြောကြားသည်။

အစည်းအဝေးတွင် KSCC အကြောင်း၊ လူထုဝန်ဆောင်မှုကဏ္ဍ၊ လူသားချင်းအကူအညီပေးနိုင်ရေးကိစ္စရပ်များ၊ လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စရပ်များ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး လက်တွဲညီ လုပ်ဆောင်နိုင်မည့် လုပ်ငန်း စဉ်များချမှတ်နိုင်ခဲ့သည်။

https://bit.ly/3btZb11

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးပြုလုပ်

(၁၁) ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီအစည်းအဝေးကို ဇွန် ၂၃ရက်က ပြုလုပ်ခဲ့ပြီး၊ ယင်းအစည်းအဝေးတွင် နိုင်ငံတကာမှ ပေးပို့လာမည့် အုပ်ချုပ်ရေးဆိုင်ရာ အထောက်အပံ့များနှင့်ပတ်သက်၍ ပြည်နယ်အတိုင်ပင်ခံကောင်စီများလည်း ရရှိစေရေး အမှတ်(၁)စစ်ဒေသမှ စစ်ရေး အုပ်ချုပ်ရေးဆိုင်ရာရှင်းလင်းခြင်းဆိုင်ရာကိစ္စများ၊ မူဝါဒပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မွန်ပြည်နယ်အတိုင်ပင်ခံကောင်စီနှင့် တွေ့ဆုံဆွေးနွေးရေးကိစ္စရပ်များ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာဝန်ကြီးဌာနမှ ဆန်းစစ်ချက်စစ်တမ်းကောက်ယူမှုဆိုင်ရာကိစ္စရပ်များနှင့် "အမေ့စု ထီး" ကမ်ပိန်းရံပုံငွေမှ ဘတ်ဂျက်ခွဲ ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

https://bit.ly/3QHH5Zk

အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမား ဒုဝန်ကြီးနှင့် ကိုရီးယားနိုင်ငံရွှေ့ပြောင်း အလုပ်သမားရေးရာကော်မတီတို့ တွေ့ဆုံဆွေးနွေး

(၁၂) ကိုရီးယားနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စများအတွက် အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမားဝန်ကြီးဌာန၊ ဒုဝန်ကြီး ဦးကျော်နီနှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာကိုယ်စားလှယ်၊ မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကော်မတီ (ကိုရီးယား) တို့ ဇွန် ၁၉ ရက်တွင် ဆွေးနွေးခဲ့ကြသည်။ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ၏အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနေမှု၊ အလုပ်သမားရေးရာ နစ်နာဆုံးရှုံးမှုများနှင့် အခွင့်အရေးချိုးဖောက်ခံရမှုများ တိုင်ကြားရေးယန္တရား၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများ တိုင်ကြားနိုင်ရေး၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ စစ်တမ်းကောက်ယူရေးနှင့် Overseas Employment Registration Card–OERC ထုတ်ပေးရေး လုပ်ငန်းစဉ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

https://bit.ly/3QNTsDh

နိုင်ငံတကာအား ဒီမိုကရေစီနှင့် တရားမျှတမှုတို့အတွက် CRPH ၊ NUG တို့နှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်ရန် ဦးကျော်မိုးထွန်း တိုက်တွန်း၊

(၁၃) နိုင်ငံတကာအသိုက်အဝန်း၊ ကုလသမဂ္ဂကိုယ်စားလှယ်တွေနဲ့ IPU အနေနဲ့ မြန်မာပြည် သူတွေကို ကိုယ်စားပြုရပ်တည်လျက်ရှိတဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီနဲ့ အမျိုးသားညီညွတ်ရေး အစိုးရတို့နဲ့ ဆက်လက်ထိတွေ့ဆက် ဆံပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ တရားမျှတမှုရှိရေးအတွက် ကြိုးပမ်းရာမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့ တိုက်တွန်းလိုတယ် ဆိုတာနဲ့ နိုင်ငံတကာအသိုက်အဝန်းနဲ့ ကုလသမဂ္ဂရဲ့ မြန်မာပြည် သူတွေအပေါ် အားပေးထောက်ခံမှုက အရေးကြီးတဲ့ ယခုအချိန်အခါမှာ မပျက်ကွက်သင့်တယ်ဆိုတာနဲ့ အဲဒီလိုဆက်လက်တိုးမြှင့်ဆောင်ရွက်သွားတာက မြန်မာနိုင်ငံမှာ တရားမျှတမှုနဲ့ ဒီမိုကရေစီပေါ်ထွန်းမှုရရှိမှာလို့ ခိုင်မာစွာ ယုံကြည်တယ်” ဟု သံအမတ်ကြီး ဦးကျော်မိုးထွန်း က ကုလသမဂ္ဂ၊ အထွေထွေညီလာခံ၌ ဇွန် ၂၁ ရက်က ပြုလုပ်သည့် ကုလသမဂ္ဂ၊ အမျိုးသား လွှတ်တော်များနှင့် နိုင်ငံ တကာ ပါလီမန်များအဖွဲ့ (Inter-Parliamentary Union - IPU) အပြန်အလှန်အထောက်အကူပြုခြင်းဆိုင်ရာဆွေးနွေးပွဲတွင် တိုက် တွန်းပြောကြားသည်။

https://bit.ly/3nfLmpp

နိုင်ငံခြားတိုင်းပြည်များ၏ ပညာရေးနှင့် ကျန်းမာရေးတို့ကို ကူညီပံ့ပိုးပေးမည်ဟု ကတိကဝတ်ရရှိထားကြောင်း NUG ပြော

လတ်တလော ခရီးစဉ်များအတွင်း နိုင်ငံခြားတိုင်းပြည်များ၏ ပညာရေးနှင့် ကျန်းမာရေးတို့ကို ကူညီပံ့ပိုးပေးမည်ဟူသည့် ကတိကဝတ်ရရှိထားကြောင်းအမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဇော်ဝေစိုးက RFA သတင်းဌာနနှင့်အင်တာဗျူးတွင်ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး Professor ဇော်ဝေစိုးသည် UK ၊ ဥရောပသမဂ္ဂနှင့် နော်ဝေနိုင်ငံသို့ ၂၀၂၂ ခုနှစ် မေလ ၂၄ ရက်မှ ဇွန်လ ၁၀ ရက်နေ့အထိ သွားရောက်ခဲ့ပြီး မြန်မာ့နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးကိစ္စများ ၊ အကြမ်းဖက် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများ ၊ တော်လှန်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက် ထားရေးဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ ငြိမ်းချမ်းမှုနှင့် ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိရေးကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

https://bit.ly/3A3Ecfs